# နောက်ထပ်ကြုံဆပါ



သရက်တောရွာက အလုပ်ကြိုးစားတဲ့ မောင်ဇေ
အလုပ်က အိမ်မပြန်ခင် မောင်ဦးနဲ့ဆုံတယ်။
ဟေ့ မောင်ဇေ နေကောင်းရဲ့လားကွ မင်းကိုကြည့်ရတာ အားမရှိသလိုပဲ
အလုပ်ပင်ပန်းလို့ပါကွာ ဘာမှ မဖြစ်ပါဘူး






ငါတော့ ဒီဆေးသောက်ပြီး အလုပ်လုပ်တာ မပင်ပန်းတော့ဘူး မင်းလည်း သောက်ကြည့်ပါလား အရင်ကထက် ပိုအလုပ်လုပ်နိုင်တယ်
ငါဒီနေ့တော့မလိုဘူးကွာ အမေက ညနေအိမ်ကိုစောစော ပြန်လာဖို့ မှာထားတယ် မနက်ဖြန်လည်း တွေ့ကြဦးမှာပဲ


အမေ သားကို မောင်ဦးက အားရှိပြီး အလုပ်များများလုပ်နိုင်တဲ့ ဆေးဆိုပြီး လာပေးတယ် သားလည်း ဘာမှန်းမသိတာနဲ့ ယူမလာခဲ့ဘူး
အဲဒီဆေးသောက်မှ အလုပ်များများပိုလုပ်နိုင်တယ် ဆိုတော့ မဟုတ်သေးပါဘူး အရက်လိုပဲစွဲတတ်တဲ့ မူးယစ်ဆေးတစ်မျိုးမျိုးပဲ ဖြစ်လိမ့်မယ်


ရွာတောင်ပိုင်းက မောင်နိုင်လည်း၊ ပိုအလုပ်လုပ်နိုင်အောင်ဆိုပြီး အဲဒီဆေးတွေ သောက်တယ် ကြာတော့ မသောက်ရ မနေနိုင်တော့ဘူး အလုပ်လည်းမလုပ်နိုင်တော့ဘူး စိတ်တွေလည်း ပုံမှန်မဟုတ်ဘဲ တစ်ခါတလေ သတိလက်လွတ် ဖြစ်လာတယ်



နောက်တစ်နေ့ အလုပ်ထဲမှာ မောင်ဇေ ခဏနားနေတုန်း
မောင်ဦးရောက်လာပြန်တယ်။
မောင်ဇေ မောနေပြီလား ဒီဆေးသောက်ကြည့်လေကွာ မမောတော့ဘဲ အားရှိပြီး အလုပ်တွေ ပိုလုပ်နိုင်လာလိမ့်မယ်
အဲဒီဆေးက ခဏပဲ အပင်ပန်းခံနိုင်တာပါကွာ သောက်ပါများရင် ဆေးစွဲသွားပြီး အလုပ်မလုပ်နိုင်တော့ဘူး သတိလွတ်ပြီး ထိန်းမရသိမ်းမရ ဖြစ်နိုင်တယ် မတန်ပါဘူးကွာ ကိုမောင်နိုင်ကြီးလို မဖြစ်ချင်ပါဘူး ငါတော့မသောက်ဘူးကွာ




ဒါကြောင့် ကိုမောင်နိုင်ကြီး တစ်ခါတလေ ထူးခြားနေတာကိုး
သူ သတိလွတ်ပြီး အိုးခွက်တွေရိုက်ခွဲလိုက်
ငိုလိုက်ရယ်လိုက် အလိုလိုနေရင်းကြောက်နေလိုက် ဖြစ်နေတာ အဲဒီဆေးတွေကြောင့်ပေါ့နော်
ဒါပေါ့သားရဲ့


ငါတို့ အားရှိတာတွေစားပြီး အိပ်ရေးဝဝအိပ်ရင် အဲဒီဆေးမသောက်လည်း အလုပ်တွေအများကြီး လုပ်နိုင်ပါတယ်ကွာ
ဟုတ်လား ဒီဆေးက ဒီလောက်ဆိုးမှန်း ငါ ခုမှသိတယ်




မောင်ဦးကိုရှင်းပြပြီးတဲ့နောက် မောင်ဇေဟာ အရင်လိုပဲ အလုပ်ကို ကြိုးကြိုးစားစားလုပ်ဖို့ အလုပ်ထဲကိုပြန်ဝင်သွားတော့တယ်။